# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ ။ )

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

(၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော "တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပြီး "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး" ဆိုသည့် စကားရပ်၏ နောက်၌ "တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၄ တွင်–

(က) ပုဒ်မခွဲ(ဂ)၏နောက်၌ ပုဒ်မခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊"

( ခ ) ပုဒ်မ(ဃ)နှင့် (င)တို့ကို ပုဒ်မခွဲ(င)နှင့် (စ)တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၅ ၌ပါရှိသော "တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၁၆ ၌ပါရှိသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး" ဆိုသည့်စကားရပ်၏ နောက်တွင် "တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပါရှိသော ပုဒ်မ ၁၈၊ ၁၉၊

၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄ နှင့် ၂၅ တို့ကို ပုဒ်မ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃ နှင့် ၂၄ တို့ဖြင့် ပြောင်းလဲအမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်